# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 2 , 2025 Volume 97 , Number 2

၂-၁၂-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၇.၂၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၈.၃၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၇၃.၈၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၄.၈၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၀၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၉၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၈.၁၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၅၈ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ရွှေဈေးကွက်တည်ငြိမ်စေရေး သိုလှောင်ရောင်းဝယ်မှု မပြုလုပ်ရန်ထုတ်ပြန်



ရွှေဆိုင်၊ ရွှေသန့်စင်လုပ်ငန်းနဲ့ ရွှေပန်းတိမ်လုပ်ငန်းလုပ်ကိုင်သူတွေ ရွှေဈေးကွက် မတည်ငြိမ်စေဖို့ ရည်ရွယ်ချက်နဲ့ သိုလှောင်ရောင်းဝယ်တာတွေ မပြုလုပ်ဖို့ ရန်ကုန်တိုင်းဒေသကြီး အဖိုးတန်သတ္တု (ရွှေ) ရောင်းဝယ်သူများအသင်းက ထုတ်ပြန်ပါတယ်။ရွှေဆိုင်၊ ရွှေသန့်စင်လုပ်ငန်းနဲ့ ရွှေပန်းတိမ်လုပ်ငန်းလုပ်ကိုင်သူတွေ လိုက်နာဆောင်ရွက်ရမဲ့ အချက် (၁၅) ချက်ကို အခုလို ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကနဦးစိစစ်ရေးအဖွဲ့တွေကို လျှောက်ထားဆဲ ရွှေဆိုင်တွေဟာ လုပ်ငန်းလိုင်စင် မရရှိသေးမီကာလအတွင်း သူတို့လျှောက်ထားတဲ့ လုပ်ငန်းတည်နေရာတွေမှာ ဖွင့်လှစ်ခွင့်ရှိတယ်လို့ ထုတ်ပြန်ချက်အရ သိရပါတယ်။ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းကိုက်ညီတဲ့ ဓာတ်သတ္တု(ရွှေ) တစ်ကျပ်သား (၁၆ ဒသမ ၃၂၉၃၂၅) ဂရမ်နဲ့သာ ရောင်းဝယ်ရမှာဖြစ်သလို သတ်မှတ်ထားတဲ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးနဲ့သာ ရောင်းဝယ်ရမှာဖြစ်တယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ရွှေရောင်းဝယ်တာနဲ့သက်ဆိုင်တဲ့ ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုတွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားတဲ့ အမိန့်ကြော်ငြာစာညွှန်ကြားချက် လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်ရမှာဖြစ်သလို ကျပ်သိန်း (၂၀၀) ကျော်ရင် (MMQR) စနစ်နဲ့ ငွေပေးချေမှုတွေပြုလုပ်ဖို့နဲ့ ကျပ်သိန်း (၁၀၀၀) အထက်အရောင်းအဝယ်ပြုလုပ်ရင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (AML/CFT) ကို မပျက်မကွက်


သတင်းပေးပို့ကိုလည်း ထုတ်ပြန် ချက်မှာ ပါရှိပါတယ်။

သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ လုပ်ငန်းလိုင်စင် ရယူထားရမှာဖြစ်သလို အွန်လိုင်းစနစ်နဲ့ ရောင်းချရင်လည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်လက်မှတ် လျှောက်ထားရယူရမှာဖြစ်တယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြပါရှိပါတယ်။ နေ့စဉ်/လစဉ် အရောင်းအဝယ်စာရင်းနဲ့ လက်ကျန်စာရင်းအချုပ်တွေကို သက်ဆိုင်ရာ ကနဦးစိစစ်ရေးအဖွဲ့တွေကို လစဉ်လဆန်း (၅) ရက်အတွင်း မပျက်မကွက်တင်ပြခြင်းရှိရမှာဖြစ်တယ်လို့လည်း ထုတ်ပြန်ချက်အရသိရပါတယ်။ ရွှေဈေးနှုန်းအပြောင်းအလဲတွေ မဖြစ်စေဖို့နဲ့ ရွှေဈေးကွက်တည်ငြိမ်စေဖို့အတွက် ရွှေဆိုင်တွေအနေနဲ့ ကံစမ်းမဲတွေနဲ့ အလားသဏ္ဍာန်ဆောင်တဲ့နည်းလမ်းတွေ မပြုလုပ်ရမှာဖြစ်သလို လက်ရောက်ရွှေလွှဲပြောင်းတာနဲ့ ခွင့်ပြုထားတဲ့ ရောင်းဝယ်တဲ့နည်းလမ်းတွေကလွဲပြီး ရွှေကို သဏ္ဍာန်ဆောင်ရောင်းချတာ၊ ကြိုရောင်းကြိုဝယ် (လေပတ်ကား) နဲ့ ရောင်းချတာနဲ့ တရားမဝင်ရောင်းဝယ်တာတွေ မပြုလုပ်ဖို့ကိုလည်း ထုတ်ပြန်ချက်မှာဖော်ပြထားပါ တယ်။ ဒါ့ပြင် ရွှေဆိုင်တွေအနေနဲ့ နေ့စဉ်ရောင်းတာဝယ်တာ ဆက်သွယ်ဆောင်ရွက်မှုတွေအတွက် သက်ဆိုင်တဲ့ Ledger စာအုပ် တွေကို YGEA အသင်းရုံးမှာ ဆက်သွယ်ဝယ်ယူနိုင်သလို လိုင်စင်ပါ စည်းကမ်းသတ်မှတ်ချက်တွေနဲ့အညီ ရွှေရောင်းဝယ်တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ဖို့ထုတ်ပြန်ထားပါတယ်။

**Source: onenewstvchannel.com/business/market/**

## မတ်ပဲဈေး အတက်ပြလာ

ဈေးဆက်တိုက် အကျပြခဲ့သည့် မတ်ပဲသည် ယခုတစ်ပတ်မှာ တစ်တန်ကို ကျပ် ၁ သိန်းကျော် ဈေးပြန်တက်လာခဲ့ပြီး အိန္ဒိယဘက်မှ မတ်ပဲဝယ်လိုအားရှိလာခြင်းနှင့် မတ်ပဲအဟောင်း လက်ကျန်ပမာဏ နည်းပါးသွားခြင်းတို့ကြောင့် ဈေးတက်လာခြင်းဖြစ်ကြောင်း သိရသည်။ မတ်ပဲ FAQ ၏ FOB ဈေးနှုန်းလည်း တက်လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၉၀ မှ ၇၀၀ အတွင်း ရှိလာခဲ့သည်။




ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ တနင်္လာနေ့က ကျပ် ၂,၆၃၅,၀၀၀၊ အင်္ဂါနေ့မှာ ကျပ် ၂,၆၆၂,၀၀၀၊ ဗုဒ္ဓဟူးနေ့မှာ ကျပ် ၂,၇၁၅,၀၀၀၊ ကြာသပတေးနေ့မှာ ကျပ် ၂,၇၆၀,၀၀၀ နှင့် သောကြာနေ့ မှာ ကျပ် ၂,၇၄၈,၀၀၀ ဈေးရှိခဲ့သည်။ အရင်တစ်ပတ်က မတ်ပဲ FAQ တစ်တန်ကို အမြင့်ဆုံး ကျပ် ၂,၆၃၀,၀၀၀ ဝန်းကျင်သာ ရှိခဲ့သည်။

**AMIA မှ ပေးပို့ပါသည်။**

https://htwettoe.com/

## ဧည့်မထဆန်(သစ်) နှင့် ပေါ်ဆန်းမွှေးဆန်ဈေးများကျဆင်း၍ ဧည့်မထဆန်(ဟောင်း) ဈေးမြင့်တက် ကာ ဆန်ကွဲB(1,2)၊ ဆန်ကွဲB(2,3,4) နှင့် ဖွဲနု ဈေးများ တည်ငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိပါသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် (၂၄.၁၁.၂၀၂၅)ရက်နေ့တွင် ဧည့်မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ် ၆၅,၀၀၀ ကျပ်၊ ဧည့်မထဆန်(မနောသုခ)(သစ်)တစ်အိတ် ၅၀,၀၀၀ ကျပ် ၊ ပေါ်ဆန်းမွှေးဆန်တစ် အိတ် ၁၁၀,၀၀၀ ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ်

၄၅,၀၀၀ကျပ်၊ ဆန်ကွဲ B(2,3,4)တစ်အိတ် ၄၁,၀၀၀ကျပ် နှင့် ဖွဲနုတစ်အိတ် ၂၄၆,၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ (၁.၁၂.၂၀၂၅)ရက်နေ့တွင် ညော့်မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ် ၆၈,၀၀၀ကျပ်၊ ညော့်မထဆန်(မနောသုခ)(သစ်)တစ်အိတ် ၄၆,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၀၀,၀၀၀ ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၄၅,၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၄၁,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၄,၆၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ညော့်မထဆန်(မနောသုခ)(ဟောင်း) တစ်အိတ် ၃၀၀၀ ကျပ် ဈေးမြင့်တက်ကာ ညော့်မထဆန်(မနောသုခ)(သစ်)တစ်အိတ် ၄၀၀၀ ကျပ်နှင့် ပေါ်ဆန်းမွှေးဆန် တစ်အိတ် ၁၀,၀၀၀ ကျပ် ဈေးကျ ၍ ဆန်ကွဲ B(1,2)၊ ဆန်ကွဲ B(2,3,4)နှင့် ဖွဲနု ဈေးများ တည်ငြိမ်လျက်ရှိပါသည်။ ညော့်မထဆန်(မနောသုခ)(ဟောင်း) ဈေးမြင့်တက်သွားခြင်းမှာ ကုန်ကြမ်းနည်းပြီး ဝယ်လိုအားများခြင်းကြောင့် ဈေးမြင့်တက်သွားခြင်းဖြစ်ပြီး ညော့်မထဆန် (မနောသုခ)(သစ်)နှင့် ပေါ်ဆန်းမွှေးဆန် ဈေးများကျဆင်းသွားခြင်းမှာ ကုန်ကြမ်းများပြီး ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားခြင်းဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံမှ သိရှိရပါသည်။

Source: ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

## မန္တလေးဈေးကွက်တွင် ကိုက်လံဟင်းရွက်များအရောင်းသွက်



မန္တလေးဈေးကွက်အတွင်း နတ်တော်လဆန်းပိုင်းတွင် ကိုက်လံဟင်းရွက်ကုန်စိမ်းများ ဝင်ရောက်မှုများလျက်ရှိပြီး၊အရောင်းသွက်လျက်ကြောင်း သိရှိရပါသည်။ ၂၀၂၅ ခုနှစ် နိုဝင်ဘာလတတိယပတ်အတွင်း ကိုက်လံဟင်းရွက် ဈေးအနေဖြင့် လက်ကားဈေး (၁၀စီးပါ) တစ်စည်းလျှင် ၅၅၀၀ ကျပ်နှင့် ၆၅၀၀ ကျပ်၊ လက်လီဈေး တစ်စည်းလျှင် ၇၀၀ကျပ် နှင့် ၉၀၀ကျပ်အသီးသီးဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။

မန္တလေးမြို့၊ သီရိမာလာဈေးအတွင်း နေ့စဉ်ကုန်စိမ်းသီးနှံဝင်ရောက်မှုမှာ ကုန်စည်အမျိုးအစားအလိုက် **Canter** ၁၂ ဘီးနှင့် ၆ ဘီးယာဉ်(၄၀)စီးနှင့်(၆၀)စီး အကြား ဝင်ရောက်လျက်ရှိကြောင်း သိရှိရပါသည်။

**DOCA(မန္တလေး)**

## ပေါ်ဆန်းစပါးကို ညအချိန် အလင်းရောင်ပေးခြင်းနည်းပညာဖြင့် စိုက်ပျိုးနိုင်ရန် စမ်းသပ်သုတေသနပြုနေ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဌာနခွဲ၊ စပါးသုတေသနဗဟိုဌာနစိုက်ကွင်း၌ ရာသီပေါ်ဆန်းစပါးပျိုးခင်း အသက်ခုနစ်ရက်သားမှ ၂၅ ရက်သားအတွင်း ညအချိန် အလင်းရောင်ပေးခြင်း(Night-Break) နည်းပညာဖြင့် နောက်ကျစိုက်ပျိုးနိုင်ရန် စမ်းသပ်သုတေသနပြု ဆောင်ရွက်နေကြောင်းသိရသည်။

အဆိုပါ နည်းပညာအရ ည ၁၁ နာရီခွဲမှ ၁၂ နာရီခွဲ အထိ LED-100 watt အားအသုံးပြု၍ ညအချိန် အလင်းရောင်ပေးခြင်းသည် ပေါ်ဆန်းစပါးကို ရာသီချိန် ကျော်၍ စိုက်ပျိုးနိုင်ခြင်း၊ အထွက်နှုန်းတိုးခြင်းနှင့် အရည်အသွေးကောင်းမွန်ခြင်း စသည့်အကျိုးကျေးဇူးများ ကို မျှော်မှန်းကာ ဆောင်ရွက်ထားရှိခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ သုတေသစိုက်ကွင်းအား နိုဝင်ဘာ ၂၉ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဤသုတေသနသည် ရာသီပေါ်ဆန်းစပါးကို ရေကျနောက်စိုက်စိုက်ပျိုးသည့်ဒေသများတွင် လွန်စွာ အသုံးဝင်မည့် စမ်းသပ်ချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ယခုနည်းပညာကို ဆောင်းရာသီနေ့တာတိုကာလတွင် ပန်းပွင့်ခြင်းအား နှောင့်နှေးအောင်ပြုလုပ်နိုင်မည့်အတွက် ပေါ်ဆန်းစပါးကို သာမန်စိုက်ပျိုးချိန်ထက် နောက်ကျစိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

အလားတူ စပါးပင်၏ ပင်ပိုင်းကြီးထွားမှုဘဝ (Vegetative Phase)ကို ပိုရှည်စေသည့်အတွက် ပင်ပိုင်းကြီးထွားမှု ပိုကောင်းလာပြီး သာမန်စိုက်ပျိုးချိန်ကဲ့သို့ပင် သီးပွင့်၍ အထွက်တိုးစိုက်စနစ် ကျင့်သုံးစိုက်ပျိုးနိုင်ခြင်းကြောင့် အထွက်နှုန်းမြင့်တက်လာမည်ဖြစ်ကာ ရနံ့အရည်အသွေး (2AP)ကိုလည်း ကောင်းစွာထိန်းသိမ်းနိုင်မည်ဖြစ်၍ သုတေသီများအနေဖြင့် အလေးထားစောင့်ကြည့်ဆောင်ရွက်ကြရန်နှင့် တွေ့ရှိချက်ခိုင်မာစေရန် အကြိမ်များများစမ်းသပ်ရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**Source: https://npnewsmm.com/news**

## တောင်ကိုရီးယားနိုင်ငံသုံးဝမ်ငွေနှင့် အမေရိကန်ဒေါ်လာငွေလဲနှုန်းတည်ငြိမ်စေရေးဆောင်ရွက်ရာတွင် ပို့ကုန်လုပ်ငန်းရှင်များ၏ အရေးပါမှုအပေါ် အာရုံစိုက်လာ

တောင်ကိုရီးယားနိုင်ငံသုံးဝမ်ငွေနှင့် အမေရိကန်ဒေါ်လာငွေလဲနှုန်း တည်ငြိမ်စေရေး ဆောင်ရွက်ရာ၌ ကနဦးပိုင်းတွင် တောင်ကိုရီးယားအမျိုးသားပင်စင်ဝန်ဆောင်မှုလုပ်ငန်း (National Pension Service– NPS) အပေါ် အာရုံစိုက်နေခဲ့ရာမှ ယခုအခါ ပို့ကုန်ဦးစားပေးသည့် လုပ်ငန်းရှင်များအပေါ် အစိုးရက အာရုံစိုက်လာကြောင်း၊ ဝမ်ငွေနှင့် အမေရိကန်ဒေါ်လာငွေ လဲလှယ်ရာတွင် ဝမ်ငွေတန်ဖိုး ထိုးကျနေမှုကို နှေးကွေးသွားစေရေး အစိုးရကစီမံခန့်ခွဲရာ၌ ပို့ကုန်ဦးစားပေး လုပ်ငန်းရှင်များ အပေါ် ပစ်မှတ်ထားလာကြပါသည်။

၂၀၂၅ ခုနှစ်၊ တတိယသုံးလပတ်ကာလတွင် တောင်ကိုရီးယားရှိ ပို့ကုန်ဦးစားပေးကုမ္ပဏီ များ၏ တစ်လပျမ်းမျှ နိုင်ငံခြားငွေ အပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၈၈ ဘီလီယံအထိ ရောက်ရှိလာခဲ့ပါကြောင်း၊ အကြောင်းရင်းမှာ ၎င်းတို့ ရရှိလာသည့် နိုင်ငံခြားဝင်ငွေကို ဝမ်ငွေသို့ပြောင်းခြင်းမပြုဘဲ အမေရိကန်ဒေါ်လာအဖြစ်သာ ဘဏ်တွင်သိမ်းဆည်းထား ကြကြောင်း၊ အဆိုပါ အလေ့အထသည် ဝမ်ငွေတန်ဖိုးဆက်တိုက်ကျဆင်းစေခြင်း အကြောင်းရင်းတစ်ခုဖြစ်ပါကြောင်း တောင်ကိုရီးယားဗဟိုဘဏ် (Bank of Korea– BOK) က ထုတ်ပြန်ထားပါသည်။

ဝမ်ငွေတန်ဖိုး ဆက်တိုက်ကျဆင်းစေခြင်း၏ အခြားသောအကြောင်းရင်းများတွင် တောင်ကိုရီးယားအမျိုးသား ပင်စင်ဝန်ဆောင်မှုလုပ်ငန်းက ပြည်ပတွင် အမေရိကန်ဒေါ်လာ ၃၉၃ ဒသမ ၂၇ ဘီလီယံ (ဝမ်ငွေ ၅၈၀ ထရီလီယံကျော်) ရင်းနှီးမြှုပ်နှံထားခြင်းနှင့် လွန်ခဲ့သည့် ၄ နှစ်အတွင်း ကိုရီးယားရင်းနှီးမြှုပ်နှံသူများသည် အမေရိကန်ပြည်ထောင်စု၏ စတော့ရှယ်ယာများကို ဝယ်ယူမှုပမာဏ ၈ ဆ မြင့်မားလာခြင်းတို့လည်း ပါဝင်ပါသည်။ ဝမ်ငွေတန်ဖိုးသည် အမေရိကန် ဒေါ်လာနှင့်လဲလှယ်ရာတွင် ပုံမှန်အားဖြင့် တစ်ဒေါ်လာလျှင် ၁,၄၀၀ ဝမ် ဝန်းကျင်တွင်ရှိနေရာမှ ၂၅-၁၁-၂၀၂၅ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁,၄၇၂ ဒသမ ၄ ဝမ်အထိ ဝမ်ငွေတန်ဖိုး ကျဆင်းလာခဲ့ပါသည်။

နိုင်ငံခြားငွေလဲလှယ်မှုအတွက် တာဝန်ရှိပုဂ္ဂိုလ်များသည် အာမခံကုမ္ပဏီများဖြစ်သည့် Mirae Asset Securities၊ Korea Investment & Securities အပါအဝင် နိုင်ငံခြားငွေ လဲလှယ်ရေးဈေးကွက်ကောင်စီ (Foreign Exchange Market Council) အဖွဲ့ဝင်များ၊ Samsung Electronics နှင့် SK Hynix စသည့် အဓိကပို့ကုန်တင်ပို့သည့် လုပ်ငန်းစုကြီးများအပါအဝင် National Pension Service- NPS တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ နိုင်ငံခြားငွေဝယ်လိုအားနှင့် ရောင်းလိုအား တည်ငြိမ်စေရေးတို့နှင့်စပ်လျဉ်း၍ တံခါးပိတ်ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

ဝမ်ငွေတန်ဖိုးတည်ငြိမ်စေရေးဆောင်ရွက်ရာတွင် National Pension Service- NPS ကဲ့သို့သော အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုသာမက ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းသည် အရေးကြီးပါကြောင်း၊ အထူးသဖြင့် ပို့ကုန်အပေါ်မှီခိုအားထားနေရသည့် တောင်ကိုရီးယားနိုင်ငံအနေဖြင့် ပို့ကုန်လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားရန်အရေးကြီးပါကြောင်း Sookmyung Women's University မှ အငြိမ်းစားစီးပွားရေး ပါမောက္ခ Mr. Shin Se-don ကပြောကြားခဲ့ပါသည်။

ဝမ်ငွေတန်ဖိုးသည် တစ်ဒေါ်လာလျှင် ၁,၄၈၀ ဝမ်အထိ ကျဆင်းသွားပါက National Pension Service- NPS အနေဖြင့် အမေရိကန်ဒေါ်လာဖြင့် ပြည်ပတွင် ဝယ်ယူထားသော စတော့ရှယ်ယာများနှင့် ငွေချေးစာချုပ်များအပါ အဝင် ပိုင်ဆိုင်မှုအချို့ကို ရောင်းချသွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ရောင်းချလိုက်ပါက အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၅ ထရီလီယံ ပြန်လည်ဝင်ရောက်လာနိုင်သော်လည်း အမေရိကန်ပြည်ထောင်စုတွင် အမေရိကန်ဒေါ်လာ ၃၅၀ ဘီလီယံ ရင်းနှီးမြှုပ်နှံမည့် ဆိုးလ်နှင့် ဝါရှင်တန်အကြား သဘောတူညီမှုအရ Samsung Electronics၊ SK hynix၊ Hyundai Motor နှင့် Hanwha Ocean အပါအဝင် အဓိကပို့ကုန်ကုမ္ပဏီကြီးများ၏ ပြည်ပသို့ဒေါ်လာစီးထွက်မှု (နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအနေဖြင့်) ကို ဆက်လက်ရင်ဆိုင်ရဦးမည်ဖြစ်ပါကြောင်း၊ အဆိုပါ ရင်းနှီးမြှုပ်နှံမှုသည် ရေရှည်စီမံကိန်းဖြစ်သောကြောင့် ၎င်းတို့ပိုင်ဒေါ်လာများကို ဝမ်သို့ ပြောင်းလဲရန်ခက်ခဲနိုင်ကြောင်း Sejong University မှ စီးပွားရေးလုပ်ငန်းများဆိုင်ရာ ပါမောက္ခ Mr. Kim Dae-jong က ပြောကြားခဲ့ပါသည်။

ကိုရီးယားကုမ္ပဏီကြီးများ၏ ပြည်ပတွင်ရရှိသည့် ပြည်ပရှိလုပ်ငန်းခွဲများမှရရှိသော အကျိုးအမြတ်များ ပြန်လည်ဝင်ရောက်လာခြင်းသည်လည်း ဝမ်ငွေတန်ဖိုးမြင့်မားလာစေရေးအတွက် အဓိကကျသည့်အချက်တစ်ခုဖြစ်ပါကြောင်း၊ ယင်းသို့ လွှဲပြောင်းပေးနိုင်ရေးအတွက်လည်း မက်လုံးများပေးသင့်ကြောင်း၊ ၂၀၂၃ ကုမ္ပဏီအခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (2023 Amendment to The Corporate Tax Law) အရ ပြည်ပလက်ခွဲများမှ အမြတ်အစွန်းများပေါ်တွင် အခွန်ကင်းလွတ်ခွင့်ပြုခဲ့သည့်အတွက် Samsung Electronics သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများအပြားကို နိုင်ငံသို့ ပြန်လည်သယ်ဆောင်လာပြီး ငွေလဲနှုန်း တည်ငြိမ်မှုကို အထောက်အကူပြုနိုင်ခဲ့ကြောင်း ပါမောက္ခ Mr. Kim Dae-jong က အကြံပြုပြောကြားခဲ့သည်။

**Source: Korean Times နှင့် The Chosun Daily (26-11-25)**

**(ပပ၊ စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)**

## ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဂျပန်အစိုးရအနေဖြင့် မဟာဗျူဟာကျသည့်ကဏ္ဍ ၁၇ ခုတွင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်သွားမည်

စီးပွားရေးလုံခြုံမှုရှိစေရေးအတွက် အစိုးရ-ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဉာဏ်ရည်တု၊ တစ်ပိုင်းလျှပ်ကူးပစ္စည်း၊ သင်္ဘောတည်ဆောက်ရေးနှင့် Quantum နည်းပညာအပါအဝင် ကဏ္ဍ ၁၇ ခု ကို ဂျပန်နိုင်ငံအတွက် မဟာဗျူဟာကျသည့် ကဏ္ဍများအဖြစ် ဂျပန်ဝန်ကြီးချုပ် Ms. Sanae Takaichi အစိုးရအဖွဲ့က သတ်မှတ်ခဲ့ကြောင်း ၅-၁၁-၂၀၂၅ ရက်နေ့ထုတ် The Asahi Shimbun သတင်းစာတွင် "Japan to funnel investments in 17 strategic sectors to ignite growth" ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပါသည်။

အဆိုပါသတင်းတွင် ခိုင်မာအားကောင်းသည့် စီးပွားရေးတစ်ရပ်တည်ဆောက်ရန်နှင့် ဂျပန်နိုင်ငံ၏ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက် ခိုင်မာလာစေရန်ရည်ရွယ်၍ ဖွံ့ဖြိုးမှုမဟာဗျူဟာကို မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားခဲ့ကြောင်း၊ ဂျပန်အစိုးရအဖွဲ့က သတ်မှတ်ခဲ့သည့် မဟာဗျူဟာကဏ္ဍများကို ကြီးကြပ်ကွပ်ကဲရန်အတွက် အစိုးရအဖွဲ့ဝန်ကြီးတစ်ဦးလျှင် ကဏ္ဍ ၁ ခုစီ တာဝန်ပေးအပ်ခဲ့ကြောင်း၊သက်ဆိုင်ရာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ခြင်းကြောင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်သက်ရောက်နိုင်မည့် အတိုင်းအတာကို ကိန်းဂဏန်းဖြင့်တင်ပြကြရန်နှင့် နှစ်အလိုက်ဘဏ္ဍာငွေခွဲဝေလျာထားသွားရန် အစိုးရအဖွဲ့ဝန်ကြီးများအား ဂျပန်ဝန်ကြီးချုပ်က လမ်းညွှန်ထားကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ လုပ်သားဈေးကွက်ပြုပြင်ပြောင်းလဲရေး၊ ပြုစုစောင့်ရှောက်ရေးနှင့် ကလေးသူငယ်ပျိုးထောင်ရေးတို့ကြောင့်ဖြစ်ပေါ်လာသည့် ဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်ရေးအပါ အဝင်ကဏ္ဍ ၈ ခုတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကိုလည်း ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ ဂျပန်ဝန်ကြီးချုပ်ဦးဆောင်၍ ဝန်ကြီးများအားလုံးပါဝင်သည့် Headquarters for the Japan Growth Strategy ကိုဖွဲ့စည်းရန် ၄-၁၁-၂၀၂၅ ရက်နေ့တွင် အစိုးရအဖွဲ့က အတည်ပြုခဲ့ကြောင်း ဖော်ပြထားပါသည်။ အဆိုပါ Headquarters for the Japan Growth Strategy ၏အောက်တွင် Council for Japan's Growth Strategy ကို ဖွဲ့စည်းသွားမည်ဖြစ်ပြီး၊ အဆိုပါကောင်စီအနေဖြင့် ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်း၍ ဖွံ့ဖြိုးမှုမဟာဗျူဟာရေးဆွဲနိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံအတွက် မဟာဗျူဟာကျသည့် ကဏ္ဍများအဖြစ် သတ်မှတ်ခဲ့သည့်ကဏ္ဍ ၁၇ ခုမှာ (၁)ဉာဏ်ရည်တုနှင့်တစ်ပိုင်းလျှပ်ကူးပစ္စည်း၊ (၂) သင်္ဘောတည်ဆောက်ရေး (၃) Quantum နည်းပညာ (၄) Synthetic Biology and Biotechnology (၅) လေကြောင်းနှင့်အာကာသ (၆) ဒစ်ဂျစ်တယ်နှင့် ဆိုက်ဘာလုံခြုံရေး(၇)Content Industry (၈)စားသောက်ကုန်နည်းပညာ (၉)အရင်းအမြစ်၊ စွမ်းအင်ဖူလုံရေး၊ အစိမ်းရောင်အသွင်ကူးပြောင်းရေး (၁၀)သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် နိုင်ငံ့ကြံ့ခိုင်ရည်ရှိစေရေး (၁၁) Drug Discovery and Advanced Medicine (၁၂) Fusion Energy (၁၃) Materials (Critical Minerals and Component Materials) (၁၄)ဆိပ်ကမ်းဆိုင်ရာ အခြေခံအဆောက်အဦများ (၁၅)ကာကွယ်ရေးကဏ္ဍ (၁၆)သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး (၁၇) Marine and Ocean တို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**Source: သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့**

## STOCK EXCHANGE (2.12.2025)

YANGON STOCK EXCHANGE

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 2nd Dec. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,980 (Shares) | 13,380,250 (MMK) |

Stock trading

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 127 | 1,079,500 | 33,109,694 | 281,432 |
| MTSH | 00002 | 3,600 | +50 | +1.41% | 3,600 | 3,600 | 3,550 | 87 | 313,150 | 38,929,150 | 140,145 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,800 | 7,900 | 7,700 | 1,078 | 8,389,800 | 10,400,986 | 80,088 |
| FPB | 00004 | 2,200 | +0 | +0.00% | 2,200 | 2,200 | 2,200 | 1,187 | 2,611,400 | 29,664,613 | 65,262 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 0 | 0 | 12,823,224 | 37,829 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 405 | 673,500 | 19,977,223 | 33,961 |
| AMATA | 00007 | 3,650 | +50 | +1.39% | 3,600 | 3,650 | 3,600 | 28 | 101,100 | 10,497,598 | 38,316 |
| MAEX | 00008 | 3,100 | -50 | -1.59% | 3,100 | 3,150 | 3,100 | 68 | 211,800 | 23,804,946 | 73,795 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 2nd Dec. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.07 | +0.68 | +0.17% | 397.79 | 398.34 | 396.76 | 2,980 | 13,380,250 | 8 | 750,828 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 3rd Dec. 2025

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,362 (Shares) | 21,131,000 (MMK) |

| MYANPIX | 401.95 ▲ 3.88 |
|---|---|
| Total Volume (shares) | 6,362 |
| Total Value (MMK) | 21 mil |
| Listed Company | 8 |
| Market Cap. (MMK) | 758,146 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 100 |
| MTSH | 00002 | 3,600 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 100 |
| FPB | 00004 | 2,300 | ▲ 100 |
| TMH | 00005 | 2,950 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 3,650 | ▲ 0 |
| MAEX | 00008 | 3,100 | ▲ 0 |